PUBLISHING GROUP

# ရင်မြတ်နိုး

## ကြင်နာသူရဲ့ချစ်ခြင်း



# အခန်း (၁)

ပုံရိပ်ထင်တစ်ယောက်…။

လက်မှာ ပတ်ထားသော နာရီလေးကို တစ်ချက်မှောက်ကာ ကြည့်လိုက်မိသည် ။

ဒုက္ခပါပဲ…။

အချိန်က တအားနောက်ကျနေပြီ။

"တွေ့မှ တွေ့ပါတော့မလား…အရေးထဲ…ကားဘီးကလည်း ပေါက်ရတယ်လို့ …တောက်… စလာကတည်းက တကယ့်ကို အကုသိုလ်ပဲကွာ …"

ပုံရိပ်ထင်တစ်ယောက်တည်း ကားမောင်းရင်း…စကားတွေပြောနေမိသည် ။ မျက်နှာလေးမှာ ပူပန်ရိပ်များကြောင့် နွမ်းလျလျလေးပင် ဖြစ်နေရ၏။

သူ…။

ကားလေးကို ဘူတာရုံရှေ့တွင် ရပ်လိုက်သည် ဆိုတာနှင့်ပဲ ရှင်းလင်းနေသော လူရိပ်အခြေ ကြောင့် မျက်နှာလေးကွက်ခနဲ ပျက်သွားရသည် ။ ကားပေါ်မှ ကပျာကယာဆင်းပြီး ဘူတာရုံထဲ ဝင်ခဲ့၏။ ရထားစကြီတစ်လျှောက် လူရှင်းနေတာကို မြင်ရတာမို့ တာဝန်ရှိဝန်ထမ်းတစ်ဦးအား

မေးဖို့ အနားတိုးကပ်သွားမိ၏။

"မန္တလေးရထားစိုက် လာပြီလား ခင်ဗျာ..."

"ရထားစိုက်တာ ကြာလှပြီဗျ...ခရီးသည် တွေတောင် မရှိတော့ဘူး ...အစ်ကိုက ခရီးသည် လာကြိုတာလား"

"ဟုတ်တယ်...လာနေရင်းနဲ့ လမ်းမှာ ကားဘီးပေါက်နေလို့ ကြာသွားတာ..."

"သြော်..."

"ခွင့်ပြုပါဦး...အိမ်ပြန်ပြီး စောင့်ကြည့်ရဦးမှာ မို့ပါ..."

"ဟုတ်ကဲ့ခင်ဗျ"

ပုံရိပ်ထင်...။

ဘူတာကြီးထဲမှ ပြန်ထွက်လိုက်သည် ။ လက်ထဲမှ ဟမ်းဖုန်းလေးကို ကမန်းကတန်းနှိပ် လိုက်၏။ တော်တော်နှင့် ဖုန်းကိုင်မည့်သူမရှိသည့်အ တွက် ဒေါသတွေ ထွက်ချင်လာသည် ။

နောက်တစ်ခါ...

ထပ်ပြီး ဖုန်းခေါ်မိပြန်၏။

"ဟယ်လို..."

တစ်ဘက်မှ ပြန်ထူးသံကြောင့် ပုံရိပ်ထင် အလောတကြီးနှင့် မေးလိုက်မိသည် ။

"ဒေါ်မူ...ကောင်မလေးရောက်နေပြီလား..."

"ဟော..."

"ဖူးသစ်စဆိုတဲ့ ကောင်မလေး အိမ်ကိုရောက်နေပြီလားလို့၊ ဒီမှာ ... သူ့ကိုသွားကြိုတာ လူချင်းလွဲသွားလို့ "

"ဟေ...အေး...အေး...ခဏလေး...ခဏလေး...အခုလေးတင် ခြံထဲ ကားတစ်စီး ဝင်လာလို့ ... သွားကြည့်လိုက်ဦးမယ်..."

ခြံထဲကားတစ်စီးဝင်လာလို့ တဲ့ ...။

ဟုတ်ပါပြီ...။

ကောင်မလေး အငှားကားနဲ့ သွားတာပဲဖြစ်မယ်။ စိတ်ထဲက ထင်မိသော်လည်း ပိုပြီး သေချာအောင် ပုံရိပ်ထင် ဒေါ်မူ့ဖုန်းအကိုင်ကို စောင့်နေမိသည် ။

"ဟယ်လို... မောင်ပုံရိပ်ထင်ရေ... ဖူးသစ်စ ရောက်ပြီသိလား... ပြန်လာခဲ့တော့နော်"

"ကောင်းပြီ ဒေါ်မူ... ဒါဆို ဖုန်းချလိုက်တော့မယ်..."

"အေး...အေး..."

သူ...

ဖုန်းလေးကို ပြန်ပိတ်လိုက်မိသည် ။ ဘာပဲပြောပြော ဖူးသစ်စရောက်ပြီဆိုတဲ့ အသံလေး ကြောင့် ရင်ထဲဆို့တက်နေတဲ့ စိုးရိမ်စိတ်တွေ ဝုန်းခနဲ ပြုတ်ကျသွားရတာတော့ အမှန်ပင်...။ အခုမှ ပဲ သက်ပြင်းမောကြီးကို မှုတ်ထုတ်လိုက်ရ၏။

ကားလေးပေါ် ပြန်တက်ကာ အိမ်သို့ပြန်မောင်းခဲ့ရသည် ။

တိုက်တိုက်ဆိုင်ဆိုင်... ကားဘီးအပိုမပါလာသည့်နေ့မှ ပဲ ကားဘီးက ပေါက်ရ၏။ ကောင်မလေးကတော့ တစ်မျိုးထင်မှာ ပဲ။ သူမကို တမ

င်လာမကြိုတာလို့ လေ...။ ဘာပဲပြောပြော ပုံရိပ်ထင် ဖူးသစ်စဆိုတဲ့ ကောင်မလေးကို တကယ်သွားမကြိုချင်တာတော့ အမှန်ပါပဲ။ သို့သော် ငြင်းပယ်လို့ မရတဲ့ အကြောင်းအချက်တွေကြောင့် သွားကြိုရခြင်းဖြစ်သ ည် ။

ပုံရိပ်ထင်...။

စိတ်တွေ ရှုပ်ထွေးနေရသည် ။

ဖူးသစ်စဆိုတဲ့ ကောင်မလေး အိမ်ရောက်နေပြီတဲ့ ။

ရှေ့လျှောက် ဘယ်လိုစခန်းသွားရဦးမလဲ မသိပါဘူး။ ဓာတ်ပုံလေး ထဲမှာ တော့ ပြောင်စပ်စပ် မျက်နှာလေးက အမြင်ကတ်စရာ...။

တောက်....။

ဘယ်လိုကောင်မလေးမျိုးကိုမှ ... သူ့ဆီ အန်တီမေလွှတ်ရသလဲ မ သိပါဘူး...။ တကယ်ဆို ပုံရိပ်ထင်အကြောင်းလည်း အန်တီမေ သိနေတဲ့ ဟာ...။ ဒီလိုကောင်မလေးမျိုးကို လွှတ်လိုက်တာ ဘယ်လိုမှ မသင့်တော် ချေ...။ ပုံရိပ်ထင်... ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားတတ်သလို... ဘယ် မိန်းကလေးနှင့်မှ လည်း အရောမဝင်ချင်...။ ဒါကိုသိနေပါလျက်နဲ့ အန်တီမေတစ်ယောက် ပုံရပ်ထင်ဆီ အကူအညီတစ်ခု လှမ်းတောင်းခဲ့ သည် ။

အဲဒါ...။

ဖူးသစ်စဆိုတဲ့ ကောင်မလေးကို ရန်ကုန်မှာ စာမေးပွဲလာဖြေဖို့ သူ့အိ မ ်မ ၂၁ ထားပါရစေတဲ့ ...။ ဖူးသစ်စကို သေသေချာချာ စောင့်ရှောက်ပေးပါတဲ့ လေ။

ကျန်တာတွေ ဘာတစ်ခုမှ မေးမရ။

သူ…။

အန်တီမေ့ ကျေးဇူးတွေကို ပြန်သတိရပြီး… ငြင်းမထုတ်နိုင်ခဲ့ပါချေ။ ကျေကျေနပ်နပ်ကြီး လက်ခံလိုက်ရသည် ။ နောက်ဆုံးတော့ ဘူတာမှာ သွားကြိုရတဲ့ အဆင့် ရောက်လာခဲ့ရ၏။ ကံဆိုးစွာ ကားဘီးပေါက်ပြီး လမ်းမှာ ကြာသွားသည် ။ ကောင်မလေးနဲ့ လွဲသွား၏။

ဘယ်ဆိုးလို့ လဲ…။

ကောင်မလေးကလည်းသားပဲ…။ ရန်ကုန်မြို့ကြီးကို တစ်ခါမှ မရောက်ဖူးသေးဘူးသာ ဆိုတယ် ပုံရိပ်ထင်ရဲ့ အိမ်ကို ရောက်နေပြီတဲ့ လေ။

သူ…။

ကားလေးကို အမြန်နှုန်းနှင့် မောင်းနေမိတော့သည် ။

ဖူးသစ်စကတော့…။

သူမအခန်းတံခါးလေးတွင် ကပ်ထားသော စည်းကမ်းချက်စာရွက်လေးကို ဖတ်ပြီး နှာခေါင်းလေးရှုံ့ကာ မျက်နှာလေးမဲ့သွားရသည် ။

* နံနက် (၇ ဝ၀) နာရီထရန်တဲ့ …။

သွားပြီ…။

ဒီတစ်ချက်တည်းနှင့်ပင် ဒီစည်းကမ်းချက်စာရွက်ကြီးသည် ဖူးသစ်စနှင့် ဘယ်လိုမှ သဟဇာတ မဖြစ်နိုင်တော့။ စာရွက်ကြီးကိုဖြုတ်ကာ အမှုက်ပုံးထဲသို့ လုံးချေပြီး လွှင့်ပစ်လိုက်မိ သည် ။

မနေချင်ဘူး…။

ရန်ကုန်မှာ လုံးဝမနေချင်ဘူး…။

မန္တလေးမှာ ပဲပျော်တယ်… မန္တလေးမှာ ပဲနေချင်တယ်။

စိတ်ထဲကနေ ကြုံးအော်နေမိသည် ။

ကြည့်စမ်း...။

တော်တော်လေး ရက်စက်တဲ့ မာမီ။

ကိုယ့်သမီးနုနုထွတ်ထွတ်လေးကို ရက်ရက်စက်စက် ပစ်ပစ်ခါခါ ရန်ကုန်ဆိုတဲ့ သူမ တစ်ခါမှ မရောက်ဖူးသေးတဲ့ နယ်မြေတစ်ခုကို ဇွတ်အတင်းစေလွှတ်ခဲ့သည် ။ ဘယ်လိုမှ တောင်းပန်လို့ မရ... ။ ဘယ်လိုမှ အသနားခံလို့ မရ... ။ သွားကို သွားရမည်ဟု အမိန့်ချခဲ့၏။

မသွားရင်... ။""

မန္တလေးမှာ ယောက်ျားပေးစားမယ်တဲ့ လေ။

ဆယ်တန်းလေးသုံးခါပဲကျသေးတယ်... ဒါကိုပဲ အပြစ်တင်ချင်နေ၏ ။ အလကားနေ ခလုတ် တိုက်ချင်သည် ။ ကျောင်းမနေချင်တော့ဘူးလို့ ပြောတော့လည်း မရ... ။ ဆယ်တန်းအောင် အောင် ဖြေရမည်တဲ့ ... ။ ဘေးခြံကို ပြောင်းလာတဲ့ မာမီ့သူငယ်ချင်း အန်တီမေ့ အကြံဉာဏ်ကို သဘောကျပြီး ဖူးသစ်စကို ရန်ကုန်က သူ့တူပုံရိပ်ထင်ထံသွားပြီး စာမေးပွဲ အပြင်ပြန်ဖြေနိုင်ခြင်း ဖြစ်၏။ အဲဒါကိုမှ လက်မခံချင်ရင် ယောက်ျားပဲ ယူတော့တဲ့ ။

ငြင်းဆန်လို့ မရတဲ့ အဆုံး ဖူးသစ်စ ရန်ကုန်ကို ထွက်လာရခြင်းဖြစ်သည် ။

ပုံရိပ်ထင်တဲ့ ... ။

ဘယ်လိုလူကြီးများ ဖြစ်နေမလဲ။

ဓာတ်ပုံထဲမှာ တော့ အသက်မကြီးရင့်ပေမယ့် တိုက်ပုံအင်္ကျီ၊ ရခိုင်ပု

ဆိုးနှင့် တော်တော် ဇီဇာကြောင်မဲ့ပုံစံ ပေါက်နေ၏။ အခုလည်း ကြည့်လေ… သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေက အများကြီးပဲ… ထမင်းဟင်းများကို ထမင်းစားခန်းမှာ သာ စားရန်တဲ့ … အိမ်မှာ ဆို ကွန်ပျူတာဂိမ်း နှိပ်နေတာ ထမင်းဆင်းမစားအားလို့ အခန်းထဲအထိ လာပို့ပေးရတာ ထုံးစံတစ်ခုပဲ…။ တစ်ခါတစ်ခါ တီဗီကြည့်ရင်း ပန်းကန်ပြားထဲ ဟင်းတွေစုပုံထည့်ပြီး ဧည့်ခန်းမှာ စားဖြစ်သည့်အခါလည်း ရှိသည် ။

ဒါတွေကိုသိလို့ တမင်ကန့်သတ်ထားတာပဲ ဖြစ်ရမယ်…။

အိပ်ရာဝင်ရင် ခြေလက်ဆေးရမယ်တဲ့ …။ အခင်းတွေ စောင်တွေ တစ်ပတ်တစ်ခါလဲခွင့် ရှိသည် ဟု ရေးထားပြန်၏။ ဒါကိုကြည့်ခြင်းအားဖြင့် လူပျိုကြီး ဘယ်လောက်ကပ်စေးနဲသလဲဆိုတာ သိသာလွန်းသည် ။ သူ့ရဲ့ ဆပ်ပြာမှုန့်တွေ ရေတွေကုန်မှာ စိုးလို့ ကန့်သတ်ထားတာပဲဖြစ်မည်လေ။

ပြီးတော့…။

လူပျိုကြီးပုံရိပ်ထင်ရဲ့ ရေခဲသေတ္တာ…။

အထဲမှာ ဘာအချိုရည်၊ ဘာအသီးအနှံမှ မရှိ။ ရေသန့်ဘူးတွေချည်းပဲ ဖြစ်နေ၏။ တကယ့်ကို အိုအေစစ်ဖြစ်လိုက်တဲ့ လူပျိုကြီးရဲ့ ရေခဲသေတ္တာကြီးကို ကြည့်ပြီး ဖူးသစ်စ စိတ်ဓာတ်ပင် ကျသွား ရသည် ။

အစားအသောက်မက်လွန်းတဲ့ ဖူးသစ်စအတွက် အရာအားလုံး ဆန့်ကျင်ဘက်တွေချည်း ဖြစ်နေသည် ။ ဘာပဲပြောပြော ယောက်ျားယူပြီး စိတ်ဒုက္ခရမှာ ထက် အခုလို လွတ်လွတ်လပ်လပ် နေခွင့်ရတဲ့ ဘဝလေးကမှ တော်သေးသည် ဟု ပြောရမှာ ပဲ…။

သူမ…

အိမ်ထောင်ပြုရမှာ သေလောက်အောင်ကြောက်သည် ။

ကိုယ့်ကိုယ်ကိုယ်တောင်... မနည်းထိန်းနေရတာ ယောကျ်ားနဲ့ ကလေးတွေထိန်းရမှာ ဘယ်လိုလုပ်ပြီး အဆင်ပြေနိုင်မလဲ။ ဖူးသစ်စက အိပ်မယ်၊ စားမယ်၊ သူငယ်ချင်းတွေနဲ့ တရုန်းရုန်း နေမယ်...။ ဆိုင်ကယ်တစ်စီးနဲ့ လျှောက်သွားမယ်... ဒါပဲ ဝါသနာပါတာ။ စိတ်ရှုပ်ရမယ့်အလုပ်တွေ လုံးဝဝါသနာမပါချေ....။

"တီ...တီ..."

"တီ..."

ဟော...။

ခြံထဲဝင်လာတဲ့ ကားဟွန်းသံကြီး။

ဒါ...။

လူပျိုကြီးပုံရိပ်ထင်ရဲ့ ကားပဲဖြစ်ရမယ်...။

သူမ...။

အခန်းလေးထဲမှာ ငြိမ်ကုတ်နေမိသည် ။ ကတ်ဆက်သံကျယ်ကျယ်မဖွင့်ရဆိုတဲ့ စည်းကမ်း ချက်ကို သတိရပြီး ကတ်ဆက်သံလေးကို အသံတိုးလိုက်၏။ ဘာပဲပြောပြော အခုမှ ရောက်လာတာ ပြဿနာတက်ရင် မကောင်းဘူးလေ။

"ဒေါ်မူ... ဒေါ်မူ..."

ပုံရိပ်ထင် အော်ခေါ်နေမိသည် ။

မြင်မြင်ချင်း ဆောက်နဲ့ ထွင်းဆိုသလို ဖူးသစ်စရဲ့ လုပ်ရပ်ကို ခြံဝမှာ ကတည်းက ကြားခဲ့ရ သည် ။ ခြံတံခါးလာဖွင့်ပေးတဲ့ မာလီဦးဖိုးလုံးက

ပြောပြီးသား။ ဖူးသစ်စဆိုတဲ့ ကောင်မလေးကို ခပ်ချောချောကောင်လေးတစ်ယောက်က လာပို့ပေးသွားတာတဲ့ လေ။

ဘယ်ကကောင်လဲ။

စလာကတည်းက ဓာတ်လမ်းက ရှုပ်ချင်နေပြီ။

သူထင်ထားတာက တက္ကစီငှားပြီး သွားတယ်ထင်တာလေ။ အခုတော့ ကားက နံပါတ်အနက်တဲ့ ….။ ကောင်မလေးနဲ့ ရွယ်တူ ကောင်ချောလေးတစ်ယောက် မောင်းဝင်လာတာ တဲ့ လေ။

"ဒေါ်မူ… "

"ဒေါ်မူ… "

"ဟို… ဟို… မေမေ မရှိဘူး ဦးထင်… ဘာခိုင်းချင်လို့ လဲဟင်… "

"မွှေးမွှေး… "

"ရှင်… ဦးထင်… "

"ဒေါ်မူက ဘယ်သွားလို့ လဲ… "

"ဟို… ဟိုလေ… မမလေးဖူးသစ်စ စျေးဝယ်ခိုင်းလိုက်လို့ စျေးကိုသွားပါတယ် ဦးထင်… "

ကြည့်စမ်း…။

ရောက်တာမှ မကြာသေး။ သူ့အိမ်သူ့ယာ ကျနေတာပဲ။ နည်းနည်းလေးမှ အားနာမှုမရှိတဲ့ ကောင်မလေးပဲ။ ဒေါ်မူ့ကို စျေးဝယ်ခိုင်းလိုက်သတဲ့ ။

"ဖူးသစ်စကော"

"မမလေး... အပေါ်ထပ်မှာ ပါ... "

"သွားခေါ်စမ်း... "

"ရှင်... "

"ငါက တွေ့ချင်တယ်လို့ ... အခုချက်ချင်း ဆင်းလာခဲ့ပါလို့ သွားခေါ်စမ်း"

"ဟုတ်... ဟုတ်ကဲ့ ဦးထင်... "

မွှေးမွှေး နေရာကနေ အပြေးတစ်ပိုင်းလေး လှည့်ထွက်သွား၏။

ပုံရိပ်ထင် ဧည့်ခန်းထဲက ဆိုဖာခုံပေါ်တွင် ပင်ပန်းနွမ်းလျစွာ ထိုင်ချပစ်လိုက်မိသည် ။ လွယ်တော့မလွယ်ဘူး။ ဖူးသစ်စဆိုတဲ့ ကောင်မလေးကို သိပ်ပြီး အလျှော့ပေးလို့ မဖြစ်တော့ဘူး။ အခုကတည်းက ခပ်တင်းတင်း ဆက်ဆံမှ ပဲ...။

မဟုတ်ရင်...။

တစ်အိမ်လုံး သူ့လက်ထဲ ဖောက်ထိုးဖြစ်သွားမှာ လေ။

"ဖူးသစ်စ ရောက်ပါပြီ... ဦးလူပျိုကြီး... "

ချိုအီအီအသံလေးကြောင့် အတွေးလွန်နေသော ပုံရိပ်ထင်တစ်ယောက် ပြန်သတိရကာ လှည့်စောင်းကြည့်လိုက်တော့။

ဟာ...

ပုံရိပ်ထင်ရဲ့ မျက်လုံးကြီးတွေ ပြူးသွားရပြီ။

နှုတ်ခမ်းထွေအိအိကြီးတွေ ဝိုင်းဟသွားရ၏။

ရှော့ပဲန်လေးနှင့် အလှကြီးလှနေတဲ့ ကောင်မလေးကို ကြည့်ကာ စိ

တ်တွေ လှုပ်ရှားပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင်ပင် ဖြစ်သွားရသည် ။ မျက်နှာကြီး မထားတတ်လောက်အောင် ဖြစ်ရကာ အရှက်သည်းသွားရသည် ။ ဒါကို ကောင်မလေးက မသိ၊ ခပ်တည်တည်ပဲ ဆိုဖာလွတ်တွင် ဝင်ထိုင်သည် ။

"ဖူးကိုခေါ်တယ်ဆို... လူပျိုကြီး..."

"ဟေ့...ဟေ့... ဘာလူပျိုကြီးလဲ... ပုံရိပ်ထင်ကွ... ပုံရိပ်ထင် နာမည်ပဲခေါ်..."

"အဟွန်း... အဲဒါမှ ဒုက္ခပဲ လူပျိုကြီးရေ... အန်တီမေ့နှုတ်က သူ့တူလူပျိုကြီးအကြောင်း တဖွဖွ ပြောလွန်းလို့ အဲဒီနာမည်ကြီးက နားရည်ဝနေပြီလေ... အခုမှ ဦးပုံရိပ်ထင်လို့ ခေါ်ရမှာ နည်းနည်းထောက်နေတယ်... ဦးလူပျိုကြီးလို့ ပဲ ခေါ်မယ်နော်... ဘာပဲပြောပြော လူပျိုကြီးဆိုတဲ့ နာမည်က ဂုဏ်ရှိပါတယ်လေ... တစ်ခုလပ်ကြီး၊ မုဆိုးဖိုကြီးလို့ ခေါ်ခံရတာမှ မဟုတ်တာ... ဂုဏ်ယူလိုက်စမ်းပါ လူပျိုကြီးရဲ့ ... ဟဲ... ဟဲ..."

"ဟေ... "

ကြာရင် သူ့မျက်လုံးတွေ ကျွတ်ထွက်ကုန်မှာ ပင် စိုးရ၏။

အချက်ကျကျရှင်းပြတဲ့ ဖူးသစ်စရဲ့ အကြောင်းပြချက်ကလေးကို သူ ဘယ်လိုမှ မငြင်းဆန်နိုင်...။ တော်ကြာ မဦးမချွတ် သူမပြောတဲ့ နာမည်လိုမျိုး အခေါ်ခံနေရမှ ဒုက္ခ...။

"ကောင်းပြီ... ကောင်းပြီ... မင်းခေါ်တတ်သလိုသာခေါ်၊ မင်းကို မေးစရာရှိလို့ ဖူးသစ်စ..."

"ဟုတ်... "

"မင်း ဒီကို ဘာကားနဲ့ လာတာလဲ... "

"ရှင်… "

"မင်းကို ဘယ်သူပို့ပေးတာလဲလို့ မေးတာကွ… "

"ဟို… ဟိုလေ… အ… အသိပါ လူပျိုကြီး"

"ဟင်… အန်တီမေပြောတော့ မင်းက ရန်ကုန်မှာ အသိမိတ်ဆွေမရှိဘူးဆို…. အခုတော့ ဘယ်ကအကောင်က လိုက်ပို့ပေးတာလဲ… "

"ရှင်… "

"မန္တလေးသူနဲ့ ရန်ကုန်သား မိတ်ဆွေဖြစ်တယ်ဆိုတာကို ပြောတာပါ… "

"မိတ်ဆွေဆိုတာ… အခုမှ သိတဲ့ မိတ်ဆွေပါ… "

"ဘာ… "

"လူပျိုကြီးနဲ့ လွဲပြီး အဝတ်ထုပ်ကြီးတွေနဲ့ တလည်လည်ဖြစ်နေတုန်း သူက စေတနာနဲ့ ကူညီပြီး ဒီအိမ်လိပ်စာအတိုင်း ပို့ပေးခဲ့တာလေ… "

ဩော်…။

ဒါကြောင့်ကိုး…။

ဒီမှာ တော့ ပြဿနာအိုး ကိုင်မိပြီဆိုပြီး စိတ်တွေအညစ်ကြီးညစ်ပြီး အန်တီမေ့ဆီကိုတောင် ဖုန်းဆက်တော့မလို့ တော်သေးတယ်။ အမေးမြန်သွားလို့ ပဲ။ တော်ကြာ သူမထားချင်လို့ မပြစ်ရှာတယ်ဟု အထင်လွဲခံရဦးမယ်။

"လူပျိုကြီး… မေးစရာရှိသေးလား… "

"မရှိတော့ဘူး… မင်းသွားလို့ ရပြီ ဖူးသစ်စ"

"ဒါဆို... ဖူးသစ်နားတော့မယ်နော်"

"အေး..."

ဆတ်ခနဲ ထသွားသော ဖူးသစ်စရဲ့ နောက်ပိုင်းလေးကို မကြည့်ရဲစွာ အကြည့်ကလေးကို ချက်ချင်းလွှဲပစ်လိုက်ရသည် ။

ဒုက္ခပါပဲ... ။

ရင်တွေမောရပါလားနော်... ။

ဟူး... ။

သက်ပြင်းမောကြီးကို မှုတ်ထုတ်လိုက်မိ၏။ ပုံရိပ်ထင် ခေါင်းလေးကို ဘယ်ညာခါယမ်းပြီး အပေါ်ထပ်ရှိ သူ့အခန်းရှိရာသို့ တက်လာခဲ့မိတော့သည် ။

***

# အခန်း (၂)

ဖူးသစ်စဆိုတဲ့ ကောင်မလေးကြောင့် ပုံရိပ်ထင်စိတ်အညစ်ကြီး ညစ်နေရသည် ။ သူမကို စမြင်လိုက်ကတည်းက အကဲခတ်မိပြီလေ။ အဲဒီလို ကောင်မလေးမျိုးကိုမှ အန်တီမေ ဘာကြောင့် သူ့ဆီပို့ရတာလဲ။

မိန်းကလေးတွေနဲ့ ရောဝင် ခင်မင်ရင်းနှီးခြင်းမရှိတဲ့ သူ့လိုလူမျိုးဆီကိုမှ ဖူးသစ်စဆိုတဲ့ ကောင်မလေးကို စာမေးပွဲပြန်ဖြေခိုင်းဖို့ လွှတ်ရတာပါလိမ့်။ သာမန်ရင်းနှီးမှုလေးလောက်နှင့်တော့ ဖူးသစ်စကို မပို့နိုင်။

အကြောင်းတစ်ခုခုရှိနေလို့ များ လား…။

ဟာ…။

ခေါင်းရှုပ်လိုက်တာ…။ သိပ်ပြီးမစဉ်းစားတာဘဲ ကောင်းတယ်။

ဆုံးဖြတ်ချက်နှင့်အတူ မနက်စာစားရန် အောက်ထပ်သို့ ဆင်းလာခဲ့မိသည် ။ ထမင်းစားခန်း ထဲသို့ ဝင်ခဲ့၏။ ရေခဲသေတ္တာလေးကို ဖွင့်မိတော့ အထဲမှာ စားသောက်စရာတွေနှင့် ပြည့်နှက်နေ သည် ။ ပုံရိပ်ထင်ပင် လက်ဖျားခါသွားရ၏။ စားစရာတွေက အပြည့်ပဲ…။

အားပါး…။

တယ်ဟုတ်ပါလား…။

အထဲမှာ သစ်သီးတွေအစုံ၊ အချိုရည်ဘူးမျိုးစုံနှင့် အသားချောင်းတွေ

အပြည့်။ တော်တော် အကောင်းကြိုက်တဲ့ ကောင်မလေးပဲ... စားစရာတွေက အစုံပဲ။ အခုမှ ပဲ ပုံရိပ်ထင် အိမ်က ရေခဲသေတ္တာက စိုပြည်နေတော့တယ်။

"ဟယ်... ဦးထင်... နိုးပြီလား"

"အေး"

"မနက်စာအဆင်သင့်ပဲ ဦးထင်"

"ထားလိုက်ဦး... ပြီးမှ ပဲစားမယ်... ဒါနဲ့ ဟိုကောင်မလေးမနိုးသေးဘူးလား"

"နိုးပြီ ဦးထင်"

"ဟော... "

"အိပ်ရာစိမ်းလို့ ထင်တယ် အစောကြီးနိုးနေတာ ဦးထင်ရဲ့ ၊ လေ့ကျင့်ခန်းလုပ်နေ တယ်လေ..."

"ဘာရယ်"

"ခြံထဲမှာ လေ့ကျင့်ခန်းလုပ်နေတယ်လို့ ပြောတာ... ဟိ ဟိ... အဲဒါကြောင့်လားမသိဘူး... မမလေးဖူးသစ်စရဲ့ ခန္ဓာကိုယ်က အချိုးကျပြီးတော့ကို လှတာနော်... "

ဟာ...။

အရေးထဲ မွှေးမွှေးဆိုတဲ့ ကောင်မလေး လူကို ဘာတွေလာပြောနေမှန်း မသိဘူး။

ပုံရိပ်ထင်ရဲ့ မျက်နှာလေး ရှက်သွေးလေးကြောင့် ရဲခနဲ ဖြစ်သွားရသည် ။

မနက်စောစောစီးစီး…။

သီချင်းသံသဲ့သဲ့တော့ ကြားသားပဲ။

သို့သော်…

ကိုယ့်အိမ်ကဟု မထင်ခဲ့မိ…။ အခုတော့… ကောင်မလေး လေ့ကျင့်ခန်းလုပ်နေတာတဲ့ လေ။ ဒုက္ခပါပဲ။ ပတ်ဝန်းကျင်မြင်ရင် ဘယ်လိုထင်ကြမလဲ။

သူ…

စိုးရိမ်စိတ်ကလေးနဲ့ အတူ အိမ်တံခါးကြီးကို ဆွဲအဖွင့်။

ဟာ…။

ရင်ခုန်သံတွေပင် တဒိန်းဒိန်း ဆောင့်ခုန်သွားရပြီ။ ခန္ဓာကိုယ်တွင်းလည်ပတ်စီးဆင်းသော သွေးများ ပင် ရပ်တန့်သွားသည် ဟု ထင်မှတ်မိသည် ။

အားကစားဝတ်စုံကိုယ်ကျပ်လေးနှင့်အတူ တောင့်တင်းဖြောင့်စင်းနေသော ခန္ဓာကိုယ်လေးက တီးလုံးလေးနှင့်အတူ နွဲ့ယိမ်းနေ၏။ ကောက်ကြောင်းလှလှလေးတွေနဲ့ အတူ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်က မြင်သူတကာ ရင်ခုန်ချင်စရာ။

ဆံနွယ်ဖြောင့်ဖြောင့်လေးများကိုစုကာ ခပ်မြင့်မြင့်လေးချည်နှောင်ထားသဖြင့် လည်ကုပ်ဝင်း နှစ်နှစ်လေးကို မြင်နေရသည် မှာ အသည်းယားစရာ။ စပို့ရှပ်ကိုယ်ကျပ်လည်ဟိုက်ကလေးကြောင့် ရွှေရင်မို့မို့က အသက်ရှူသံအတိုင်း နိမ့်ချည်မြင့်ချည်ဖြစ်နေ၏။

ဖူးသစ်စဆိုတဲ့ ကောင်မလေး တော်တော်လှတာပဲ။

သူ....

အခုမှ ပဲ ကောင်မလေးကိုအနီးကပ် သေသေချာချာကြည့်မိသွားရ၏ ။

ဖြူနုဝင်းအိနေသော အသားအရည်လေးနှင့်အတူ ဇင်ယော်တောင်မျ ကိခုံး၊ ပြာလဲ့လဲ့ မျက်လုံးလေးတွေနှင့်အတူ သွယ်စင်းနေသောနှာတံ လေးများက သူမရဲ့ အလှကိုပို၍ ပင် ထင်ရှားစွာ ပေါ်လွင်နေစေသည် ။ ပြီးတော့ အိလုံးပြီး ဖူးရွရွနှုတ်ခမ်းလေးတွေ။

ဟာ...။

ဒုက္ခပါပဲ။

ပုံရိပ်ထင် ဘာတွေစဉ်းစားပြီးတွေးနေပါလိမ့်။ ပတ်ဝန်းကျင်ကဲ့ရဲ့ ရှုံ့ချအောင်လုပ်နေတဲ့ သူမရဲ့ လုပ်ရပ်ကို တားဆီးဖို့ ထွက်လာတာလေ။ အခုတော့ ကြည့်ကောင်းကောင်း နှင့် သူပါငေးမောနေမိရသည့် အဖြစ်ကို သတိရကာ စိတ်တွေကိုပြန်ချုပ်ထိန်းပစ်လိုက်သည် ။

ဖူးသစ်စအနား ခြေလှမ်းကျဲကြီးများ နှင့် တိုးကပ်သွားပြီး ကက်ဆက်လေးကိုပိတ်ပစ်လိုက် သည် ။

ချောက်....။

"ဟင်..."

ရုတ်တရက်...။

ပျံ့လွင့်နေသောကက်ဆက်တီးလုံးလေး ရပ်သွားတာကြောင့် လေ့ကျင့်ခန်းလုပ်နေရာမှ ရပ်တန့်ကာ သူမကြည့်လိုက်တော့... ခါးနှစ်ဖက်လက်ကြီးထောက်ပြီး စိမ်းစိမ်းစိုက်ကြည့်နေသော ဦးပုံရိပ်ထင်ကိုတွေ့လို

က်ရသည္ ။

"ဒါဘာလုပ်တာလဲ လူပျိုကြီး"

"ပိတ်လိုက်တာလေ..."

"အဲဒါကြောင့်ပြောတာပေါ့...ဘာကြောင့်ပိတ်တာလဲလို့၊ ဒီမှာ အရှိန်တောင်ပျက်သွားပြီ..."

မျက်နှာလေးရှုံ့မဲ့ကာ မျက်ခင်းပြင်ပေါ်ခြေပစ်လက်ပစ်ကလေး ထိုင်ချလိုက်တဲ့ ဖူးသစ်စကို ကြည့်ပြီး ပုံရိပ်ထင်ရဲ့ နှုတ်ခမ်းလေးပေါ် ကျေနပ်ပြုံးလေးဖြတ်ပြေးသွားရသည် ။

ကောင်းတယ်...။

များများ စိတ်ညစ်လေကောင်းလေပဲ။ ဒါမှ မန္တလေးကိုမြန်မြန်ပြန်ပြေးမှာ ။

"ဖူးသစ်စ..."

"ပြော..."

"ဒါဘာလုပ်တာလဲ...."

"ရှင်..."

"ဒါဘာလုပ်တာလဲလို့ မေးတာလေ..."

"ဖူးက ဘာလုပ်လို့ လဲ..."

အူတူတူအဖြေပေးမှုကို မနှစ်သက်လှစွာ ပုံရိပ်ထင်ရဲ့ မျက်နှာချောချောကြီး ရှုံ့မဲ့သွားရသည် ။ ဖူးသစ်စ သူ့ကိုတမင်ပြန်ညစ်နေပြီဆိုတာ ပုံရိပ်ထင် ကောင်းကောင်း ကြီးသိ၏။

"ကက်ဆက်ဖွင့်ပြီး ကနေတာကိုပြောတာ ဖူးသစ်စ..."

"ဩော်...ဒါလား...အေရိုးဗစ်ကတာလေ... ကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုပေါ့...အဟင်း ...ဟင်း...လူပျိုကြီးကမသိဘူး ဟုတ်လား...ဟိုးမူလတန်းကလေးတောင် သိတယ်... လူပျိုကြီးရဲ့ ..."

"ဒီမှာ ဖူးသစ်စ..."

"ဟုတ်ကဲ့...ပြောပါ လူပျိုကြီး..."

"မ င ်းမ ၂ ၁ စဉ်းစားတွေးခေါ်ဉာဏ်ရှိသေးရဲ့ လားဟင်... ပတ်ဝန်းကျင်မြင်လို့ သင့်တော် မတော်ဆိုတာတောင် မစဉ်းစားဘူး...ဘယ့်နှယ်လေ့ကျင့်ခန်းလုပ်တာများ ကိုယ့်အခန်းထဲကိုယ် မလုပ်ဘဲ ခြံထဲဆင်းလုပ်ရတယ်လို့ ...မင်း အရှက်မရှိဘူးလား...ဒါကြောင့် ရှေ့စကားပုံရှိတာလေ၊ ယိုသူမရှက်...မြင်သူရှက်၏ တဲ့ ...အဲဒါ မင်းတို့လိုလူမျိုးတွေအတွက် ထားတာပဲနေမှာ ...

"ဘာ...ဘာရယ်...""

လူပျိုကြီးပုံရိပ်ထင်ရဲ့ စကားကြောင့်...

ဖူးသစ်စ အရှက်ကြီးရှက်ကာ ဒေါသတွေဝုန်းကနဲ ပေါက်ကွဲသွားရတော့သည် ။ စိတ်ထဲမှ လည်း မလုံမလဲဖြစ်ရ၏။ တော်တော်အပြောကြမ်းလွန်းတဲ့ လူပျိုကြီး။ သူတစ်ပါး နားဝင် ချိုအောင်ပြောလိုက်ရင် သူ့နှုတ်ခမ်းထူလုံးလုံးကြီး လေဖြတ်ပြီးရွဲ့စောင်းသွားမှာ စိုးလို့ လားမသိ... ပြောလိုက်လျှင် တစ်ဖက်သားနားမခံနိုင်စရာချည်းပဲ...။

ဖူးသစ်စ...။

ပစ္စည်းတွေကို နှုတ်ခမ်းလေးစူထော်ပြီး ကောက်သိမ်းနေမိသည် ။

လေ့ကျင့်ခန်းလုပ်ချင်စိတ် လည်း မရှိတော့။

"ကောင်မလေး..."

ဖူးသစ်စ လုံးဝမထူးမိ...။

"နားလေးသွားပြီလား..."

"......"

"ဒါက....ဘာဖြစ်သွာတာလဲ..."

ပစ္စည်းတွေတပွေ့တပိုက်ကိုင်ပြီး တိုက်ထဲဝင်ဖို့ လုပ်နေတဲ့ ဖူးသစ်စကို နောက်ကနေ ခပ်ရွဲ့ရွဲ့ လေးမေးမိသည် ။

"ဘာလဲ...ငါကအမှန်တွေပြောလို့ မင်းနားမခံသာတော့ဘူးမဟုတ်လား..."

"....."

"အေးပေါ့လေ...အစကတည်းကဆင်ခြင်ဉာဏ်မရှိတဲ့ သူဆိုတော့ အဲဒီလိုပဲပြောပြမှ သိတာပေါ့ နောက်ဆိုကိုယ်ဘာပဲလုပ်လုပ်သေသေချာချာစဉ်းစား...မဟုတ်ရင် အခုလိုအကျိုးဆက်တွေ ဖြစ်မှာ ပဲလေ...သူများ လက်ညှိုးထိုးမခံရအောင်စဉ်းစား သိလား..."

ဟွန်း...။

ဖူးသစ်စ...ဒေါသတွေပေါက်ကွဲထွက်သွားရ၏။ ပြဿနာမတက်ချင်လို့ ငြိမ်နေတာကိုမသိဘဲ ပြောချင်ရာကိုစွတ်ပြောနေသည် ။ စိတ်ကမရှည်ချင်တော့ လူပျိုကြီးနှင့် မျက်နှာချင်းဆိုင်ပစ်လိုက် သည် ။

"ဒီမှာ ဦးလူပျိုကြီး..."

"ပြော..."

"ဖူးက မန္တလေးမှာ ကတည်းက...အိပ်ရာနိုးတာနဲ့ အပြေးလေ့ကျင့်တယ်...လေ့ကျင့်ခန်း လုပ်တယ်...ဒါဟာ...ကျန်းမာရေးအတွက်လုပ်တာ...အိပ်ရာထဲ နေဖင်ထိုးအောင် အိပ်တတ်တဲ့ ကာလနဂါးလက်သစ်တွေထက်တော့သာတာပဲ မဟုတ်ဘူး လား..."

"ဘာ..."

"ကာယလေ့ကျင့်ခန်းလုပ်တာ ရှက်စရာမှ မဟုတ်တာ...သာမန်စိတ်ဓာတ်နဲ့ မကြည့်ရင်တော့ ငမ်းစရာပဲပေါ့လေ"

"ဘာ..."

"သတိမမူဂူမမြင်တဲ့ လူပျိုကြီးရဲ့ ...ကြည့်မှ မြင်တာပါ...ဟွန်း..."

ဟာ...။

ဖူးသစ်စရဲ့ စကားလေးကြောင့်...ပုံရိပ်ထင်တစ်ယောက်ဘာပြန်ပြောရမှန်းမသိအောင်ပင် ဆွံ့အသွားရသည် ။ ရှက်လည်း တအားရှက်သွားမိ၏။ လူကို ဟိုဟာလို့ မပြောရုံတမယ်ပါပဲ...။ တော်တော်စကားတတ်လွန်းတဲ့ ကောင်မလေး...။

ပြောပြီးတာနဲ့ ...။

သူ့ဘက်နည်းနည်းလေးမှ လှည့်မကြည့်ဘဲ ကျောခိုင်းထွက်သွားလေတော့သည် ။

ဖူးသစ်စတစ်ယောက်မှာ တော့ ကိုယ့်အခန်းလေးထဲပြန်ဝင်ခဲ့ပြီး ပစ္စည်းတွေ စားပွဲပေါ် စုပြုံတင်ကာ ထိုင်ခုံလေးတွင် ဆောင့်ဆောင့်အောင့်အောင့်လေးနှင့် ထိုင်နေမိသည် ။

မုန်းစရာကောင်းလိုက်တာ…။

တစ်ဖက်သားကို ဘယ်လိုထိုးနှက်တိုက်ခိုက်ရမလဲ၊ ကဲ့ရဲ့ ရှုံ့ချရမလဲ လောက်ဘဲ စဉ်းစား နေတဲ့ လူကြီး…။ ဘယ်လိုနေလို့ မှ အပြစ်ကလွတ်မှာ မဟုတ်ချေ။

"ဒေါက်…ဒေါက်…"

ဟော…။

တံခါးလာခေါက်ပြန်ပြီ…။

"မမလေ…"

အိမ်ဖော်မလေး မွှေးမွှေးရဲ့ အသံပဲ။

"ဘာကိစ္စလဲ မွှေးမွှေး…"

"ဦးထင်ခေါ်ခိုင်းလို့ ပါ…"

"ပြင်ဆင်လို့ မပြီးသေးဘူးလို့ ပြောလိုက်…"

"ဟာ…မဖြစ်ဘူး…မမလေးဖူး…ဦးထင်ကပြောစရာရှိလို့ တဲ့ …အချိန်သိပ်ရတာ မဟုတ်ဘူး … အ လုပ်သွားရတော့မှာ …အခုချက်ချင်းဆင်းခဲ့ပါတဲ့ …"

"ဒါဆိုလည်း ရုံးပြန်ဆင်းမှ ပြောတော့လို့ …ဒီမှာ ချွေးမတိတ်သေးဘူး…ရေမချိုးနိုင်သေးဘူး ကျေနပ်ရင်ကျေနပ်၊ မကျေနပ်ရင်လည်း ဒီကိုလာပြောလို့ ပြန်ပြောလိုက် မွှေးမွှေး"

"အမယ်လေး…မွှေးမွှေးမပြောရဲ့ ပါဘူး…ဦးထင်က အရမ်းစိတ်ဆိုးသွားမှာ ပေါ့…"

"အဲဒါဆိုလည်း မတတ်နိုင်ဘူး မွှေးမွှေးရေ…"

"ဟာ…မမလေး…မမလေးဖူးသစ်စ…ဟာ…ခေါ်လို့ လည်း မရဘူး …ဒုက္ခပါပဲ…"

သူမ…။

အပြင်မှ မွှေးမွှေးရဲ့ ညည်းညူသံလေးကြားရသော်လည်း ဖူးသစ်စ အသာငြိမ်နေလိုက်သည် ။ လူပျိုကြီးပုံရိပ်ထင်ကို အရွဲ့တိုက်ချင်စိတ်က လေး ဖူးသစ်စရဲ့ ရင်ထဲ အစိုင်အခဲကြီးမားစွာပင် ရောက်နေ၏။ စိတ်ကောင်းလေးနည်းနည်းမှ မထားနိုင်လောက်အောင် အမြင်တွေကတ်နေမိသည် ။

ခဏကြာတော့…။

မွှေးမွှေးပြန်ထွက်သွားတဲ့ ခြေသံလေးကို ကြားရ၏။

ဖူးသစ်စ ကျေနပ်စွာပြုံးလိုက်မိသည် ။

ပြီးနောက်…

ရေချိုးခန်းလေးထဲသို့ဝင်ကာ ရေကိုစိမ်ပြီး တစ်ဝချိုးပစ်လိုက်တော့သည် ။

***